ပုတ္တကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ
တိုက်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ပုတ္တကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပုတ္တကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၊ တိုက်ကြီးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်
ကျေးလက်နေပြည်သူများမှ ကူညီရေးဆွဲသည်။

၂၀၁၇ ခုနှစ်၊ ဧပြီလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ပုတ္တကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာသယံဇာတပြဓေပုံ ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၀

ကိုးကားစာရင်း ၇၅

စကားရိုး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန် ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေး ဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင် သောနေရာများမှလည်း ကောက် ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ် ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ် ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

၈ပြီလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ညောင်ကုန်းကျေးရွာ
တိုက်ကြီးမြို့နယ်

ပုတ္တာကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီ အစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူ အညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုး ရေးအစီအစဉ်ရေးဆွဲ ရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင် ရာကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လို အပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိ အောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေ နှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်း ကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအ ဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံ ကာဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့်လုပ်ငန်းများကို လူထုပါ ဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေး ရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် တိုက်ကြီးမြို့နယ်နှင့် (၃)မိုင်နီးပါး အကွာအဝေးတွင် တည်ရှိပြီး အုပ်ချုပ်ရေး ရုံးစိုက်ရာ တိုက်ကြီးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသ ဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းများ ဖြစ်ကြ ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန် ၈၀ လက်မမှ ၁၀၀ လက်မ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုး

ရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး မြစ်ရေကြီးမှုမှ ကင်းလွတ်ပါသည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။ ၂၀၁၆ ခုနှစ် မိုးတွင်းကာလက တိုက်ကြီးမြို့နယ် အနောက်ခြမ်းရှိ အနိမ့်ပိုင်းမှ ကျေးရွာအချို့တွင် ရေကြီးရေလွှမ်းမိုးမှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသော်လည်း ဤကျေးရွာမှာ ကင်းလွတ်ခဲ့သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဩဇာ အသင့်အတင့် ကောင်း မွန်သည်။ ကျေးရွာတွင်သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ တဘူးလှဆည်ရေလှောင် တမံမှ ဆည်ရေဖြင့် လယ်မြေဧက(၅၀)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေ အသုံးပြု မှုမှာ ဧက(၃၀)နီးပါး ရှိပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၅၅၆)ဧကရှိပြီး စပါးကို အဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၀၈)စုနှင့် ကျား(၂၂၈)၊ မ(၂၂၁)ဦးဖြင့် လူဦးရေပေါင်း (၄၄၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၇ % ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ၃၃% မျှ ပိုများပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမာန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၄၃%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး၊ (၁၀%)သည် ချမ်းသာသည့် အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး၊ (၄၆%)သည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ် ယာသုံး စက်ကရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်တင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စု များတွင် လုပ်ကိုင်ကြပါသည်။ အခြားလယ်သမား အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ လုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့၊ အထည်ချုပ်စက်ရုံ ဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ် ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါ ဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မြင့်မား ပြီး (၇၂)ဦးထိရှိကာ ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများရှိသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဖျပ်ထိုး လုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အဆင့်ရှိ အိမ်ထောင်စု(၂၄)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့မှာ စီးပွားရေးမှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ (၇၅%)မှာ သူတစ်ပါးထံမှ မချေးငှားဘဲ ၃ လခနှင့် နပ်မှန်စားသုံးနိုင်ကြောင်း၊ (၃%)မှာ ၃ လမှ ၅ လခနှင့်၊ (၂၅%)မှာ ၆ လမှ ၁၂ လခနှင့် သူတစ်ပါးထံမှ ချေးငှားစရာ မလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင်တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ နှစ်သောင်းကျပ်မှ တစ်ဆယ့်ငါးသိန်းကျပ်အထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံးတွင် ဆင်းရဲ၍မိသားစုဦးရေများသည့်၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃)စု ရှိပါသည်။ အလားတူ မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၅)စုသည် လည်း အသင့်အတင့် စားနိုင်သောက်နိုင်သော အိမ်ထောင်စုများဖြစ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှု နည်းပါးကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီး ပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းမှုနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာ သားများအနေဖြင့် စည်းလုံးမှုရှိပြီး မိသားစုစိတ်ဓါတ်အပြည့်အဝဖြင့် အခြေခံကျန်းမာရေး စောင့် ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး ကျေးရွာမှ (၃)မိုင်ကွာဝေးပြီး သုံးဘီးဆိုင်ကယ်များနှင့် အလွယ်တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံး တုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွါးမှုများ နည်းပါး ကြောင်းတွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရပါသည်။ ရွာသား အများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့် အတင့်နှင့် ကျောင်းဆရာ/ဆရာမ အသင့်အတင့်ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာ ထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ပြီး အလယ်တန်း၊ အထက်တန်းတို့ကို တိုက်ကြီးမြို့တွင် တက်ရောက်သင်ကြားနိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု များများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်သည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေး ရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ် ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေး အရေ အတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်းတွင် မိန်းကလေးအရေအတွက်မှာ ယောကျ်ားလေး အရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။

သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာ အားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုး သားများထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်လျော့နည်းမှုရှိပါသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေး ခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက် အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့၊ စီးပွားရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့ တို့ရှိသည်။ ယင်းအဖွဲ့များအနက် လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုး သမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စ အပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ထောက်ပံ့ပေးသော ကျေးလက်ဦးစီး ဌာနမှကြီးကြပ်၍ ကျေးရွာပိုင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သိန်း(၃၀၀)ကျပ် မြစိမ်းရောင်ကျေး ရွာစီမံကိန်း ရရှိပါသည်။ မြစိမ်းရောင်မှရရှိသော ချေးငွေဖြင့် ကျေးရွာလည်ပတ်ခဲ့သည်မှာ (၁)နှစ်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များကို ပျော်ရွှင်စွာလုပ်ကိုင်ကြပြီး အဆင်ပြေလျက်ရှိပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက် ၍အားနည်းကြပြီး၊ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုသာ အဓိကထား စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက (၅၅၆)ဧကရှိ ပြီး သီးထပ်အဖြစ် နွေစပါး(၅၀)ဧကကို တဘူးလှဆည် ရေလှောင်တမံမှ ရေသွင်းစိုက်ပျိုးပါသည်။ မိုး စပါး ပျမ်းမျှအထွက်နှုန်းမှာ (၆၅)တင်း၊ နွေစပါး(၆၀)တင်းနှုန်းတို့ ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီ များမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ် သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက် စနစ်ကို သုံးကြသည်။ တောင်သူများသည် တခါ တရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ် သည်။

ကျေးရွာတွင် တနိုင်တပိုင် ဝက်မွေးမြူရေး လုပ်ငန်းတွင်လည်း အသေအပျောက်များမှကြောင့် မွေးမြူမှု အလွန်နည်းပါးသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်တုပ်ကွေးရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။

(ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များ၊ လယ်ယာလုပ်ငန်း၊ ကြံရာကျပန်းလုပ်ငန်း၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ချေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင် သာအလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းရာတွင် နေ့စား၊ ဈေးရောင်း၊ ကိုယ်ပိုင်စက်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော်၊ အထည်ချုပ်စက်ရုံများတွင် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများ စုသည် အဆိုပါ လုပ်ငန်းများကို အနည်းငယ်သာ လုပ်ဆောင်နိုင်သည်။ ငွေကြေးအဆင်ပြေသော အိမ် ထောင်စု အချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် နွေစပါးစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ် ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး စနစ်အစား သဘာဝမြေဩဇာဖြစ်သော နွားချေး များ၊ အမှိုက်များ စွန့်ပစ်၍ လယ်ကွက်တွင် မီးရှို့ခြင်းဖြင့် မြေဩဇာများ ပိုမို၍ ကောင်းမွန်ပါသည်။

ကျေးရွာ၏ အနောက်ဘက်ခြမ်းတွင် ၂၀၁၆ ခုနှစ် မိုးတွင်းအခါက ရေကြီးရေလွှမ်းမှု ဖြစ်ပွားခဲ့သော်လည်း ဤကျေးရွာမှာ မြေမြင့်သော အပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းမှုမှ ကင်းလွတ်ခဲ့ သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။ အားဗျော့ သောမုန်တိုင်း ဝင်ရောက်မှသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက် တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်လျှင် အတိုးနှုန်း(၁.၅၀)ကျပ်နှုန်းဖြင့် တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး နှစ်ဆယ့်ငါး ဧကအတွက် ချေးယူနိုင်သည်။ ကျေးရွာတွင် ပြင်ပမှလာရောက်ဖွဲ့စည်းပေးသော မြန်မာ့ငွေရေးကြေး ရေး အပြည်ပြည်ဆိုင်ရာကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေးသော မြန်မာ့ငွေရေးကြေးရေးအဖွဲ့ ဖွဲ့စည်း ထားပြီး အဖွဲ့ဝင်(၁၇)ဦးရှိကာ တစ်နှစ်အတိုးနှုန်း(၁၅%)ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေကို (၁၂)လအထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကြပ်ထားသည်။ တစ်ချို့ အိမ်ထောင်စုများမှာ ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း (၅၀%)မှ (၇၀%)ဖြင့်လည်းကောင်း၊ မိတ် ဆွေ၊ မိသားစုများထံမှ အတိုးနှုန်း (၁၀)ကျပ်ဖြင့်လည်းကောင်း ချေးယူနိုင်ကြပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များ ပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက် အရပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအား လုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ နှစ်သောင်းကျပ်မှ တစ်ဆယ့်ငါးသိန်းကျပ်အထိ ချေးယူထားကြသည်ကို တွေ့ရသည်။ ထိုအိမ်ထောင်စုများ၏ (၄၅%)သည် အကြွေးငွေ နှစ်သိန်းကျပ်အထိ ချေးယူထားကြောင်း တွေ့ရ သည်။ ထိုအိမ်ထောင်စုများ၏ (၆၀%)သည် အကြွေးငွေ နှစ်သောင်းကျပ် ချေးယူထားပြီး (၂%)သည် တစ်ဆယ့်ငါးသိန်းကျပ်အထက် ချေးယူထားကြောင်း တွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို အလျား ၄၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၆ ပေ၊ မြေအကျယ် အဝန်း(၂.၀၄)ဧကရှိသည်။ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေအခင်း ကျောင်းဆောင်ဖြင့် သင်ကြားပေး သည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁% မှာ ဘုန်းကြီးကျောင်း ပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင် ရာခိုင်နှုန်းလည်း မြင့်မားသည်။ ယခုနှစ်ကျောင်း အပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက် ထက် ပိုနေကြောင်းတွေ့ရှိရသည်။ ကျောင်းသားနှင့် ကျောင်းဆောင်မှာ မမျှတပါ။ ကျောင်းသားဦးရေ များပြီး ကျောင်း၏ဖွဲ့စည်းပုံ ကျဉ်းမြောင်းသည့်အတွက်ကြောင့် ကျောင်းဆောက်လုပ်ရန် အစဉ်သင့် ရှိပါသည်။ ကျောင်းတွင် ပရိဘောဂတို့ လုံလောက်မှု မရှိပါ ။ ဆရာမ(၅)ဦးရှိပြီး ကျောင်းသားဦးရေ (၅၂)ဦးရှိပါသည်။ ၂၀၁၆ ခုနှစ်စ၍ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများ အတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်း စာအုပ်များကို နိုင်ငံတော်မှ အခမဲ့ ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိပါ။ တိုက်ကြီးမြို့နယ်ဆေးရုံ၊ ဆေးခန်းများနှင့် လက်လှမ်းမီသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိသည်။

သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြ ပြီး ရေလုံလောက်မှုရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်၊ ကျောက် ခွေဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးခွေဖြင့် ဆောက်လုပ်သုံးစွဲကြ သည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါး တတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ် တကျ ဆောက်လုပ်ထားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူ နိုင်မည့်အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ တွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးပါ။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၃ ခုနှစ်က (၂)မိုင်နီးပါးရှိသော မြေနီလမ်းကို ကိုယ်ထူကိုယ်ထ ခင်းခဲ့သည်။ ကျေးရွာရှိ ရွာတွင်းလမ်းသည် မြေနီလမ်းဖြစ်ပြီး သုံးဘီး၊ ထော်လာကျီများကို အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် ဆိုင်ကယ်၊ သုံးဘီးတို့ကို အသုံးပြုလျှက်ရှိကြသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၄ ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံး၏ (၈၀%)ခန့် သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်း များအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့် အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် မရှိပါ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှု ကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ် ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။ အာမခံစနစ်ကို အသုံးပြုနိုင်ပြီး သမဝါယမဘဏ်နှင့် ချိတ်ဆက်ပြီး သမအသင်းသား များအား အသက်အာမခံ ထားရှိပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီ အစဉ် သီးသန့်ရေးဆွဲ ထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက် သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့ ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အထောက်အကူပြုနေသည်။ ထို့ကြောင့် သစ်တောပြုန်းတီးခြင်းများ မရှိပါ။ ရာသီဥတုမှန်ကန်ပြီး အပူအအေး မျှတသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအား လုံး၏ (၆၀%)မှာ အလုပ်လုပ်နိုင်သောအရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း သင် တန်းများကို လူငယ်များကို လေ့ကျင့်ပညာပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက် ကောင်းမွန်စေပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာ ရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာ သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာ ရေး အနေအထားအတွက် အားနည်းနေသည်ကို တွေ့ရှိရပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ ၂၀၁၆ ခုနှစ်တွင် လွန်ကဲသည့်အတွက်ကြောင့် မိုးစပါးများအတွက်

စိုးရိမ်ရန်ိုင်သည်ဟု ယူဆပါသည်။ ကျေးရွာတွင် တဘူးလှရေလှောင်တမံမှ နွေစပါး(၅၀)ဧကအတွက် ရေသွင်းစိုက်ပျိုးနိုင်သည်။ ကျေးရွာသည် တိုက်ကြီးမြို့ နွေပိုင်းတွင် ကူးသန်းရောင်းဝယ်မှုကောင်း သော်လည်း မိုးတွင်းပိုင်းတွင်း သွားလာရေးအခက်အခဲ အနည်းငယ်ရှိသည်။ ရောင်းချကုန်ပစ္စည်း တိုက်ကြီးမြို့ပေါ်ကို ရောက်ရှိသွားလျှင် မှော်ဘီ၊ ရန်ကုန်မြို့ကို ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး အနည်းငယ် ခက်ခဲသည်ကြောင့် ကျေးရွာထွက် ကုန်များကို အနည်းငယ် နောက်နှေးပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန် ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်၊ ဘဲ၊ ဝက်နှင့် နွားများကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေးကြဉီးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံ ဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ရပေမည်။

တဘူးလှဆည် ရေလှောင်တမံမှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေအလုံ အလောက် မရရှိပါ။ ရေသွယ်မြောင်းများ ပိတ်ဆို့မှုများကြောင့် ရေရရှိမှုခက်ခဲသည်။ ထို့ကြောင့် ဆည် မြောင်းဉီးစီးဌာန အကူအညီများ လိုအပ်ပါသည်။ မြို့နယ်စိုက်ပျိုးရေးဉီးစီးဌာနမှ နည်းပညာပိုင်း ဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်း ရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော် လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ် လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေး ရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

မြစိမ်းရောင်နှင့် ကိုရီးယားမှ ငွေအဆင့်အတန်းအလိုက် ငွေချေးပေးသောကြောင့် ကျေးရွာ တွင် အသင့်အတင့် လည်ပတ်မှုရှိပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပံ့မှန် ရရှိရေးအတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ် တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာလူထုကိုယ်တိုင် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စိုက်ပျိုးရေးကို အဓိကထားသည့်အတွက်ကြောင့် စပါးများ အထွက်နှုန်းကောင်းမွန်ရန်အတွက် နည်းပညာများ လိုအပ်ပါသည်။ စိုက်ပျိုးရေး နည်းလမ်းများ အတွက်

အတတ်ပညာ၊ အသိပညာများအတွက် နည်းပညာများရရှိပါက စီးပွားရေးအနေအထားများ ပိုမိုကောင်းမွန်၍ တိုးတက်နိုင်ပါသည်။

က.၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ပညာအရည်အချင်းမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဘွဲ့ရများလည်း အသင့်အတင့်ရှိပြီး အလွန်ဆင်းရဲသော သူများသာ ကျောင်းဆက် မတတ်နိုင်ခဲ့ပါ။ သို့သော်လည်း စာမတတ်သူမရှိပါ။ ထို့ကြောင့် ကျေးရွာတွင် ပညာရေးမှတဆင့် ကဲ ပညာအရည်အချင်းမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဘွဲ့ရများလည်း အသင့်အတင့်ရှိပြီး အလွန်ဆင်းရဲသော သူများသာ ကျောင်းဆက် မတတ်နိုင်ခဲ့ပါ။ သို့သော်လည်း စာမတတ်သူမရှိပါ။ ထို့ကြောင့် ကျေးရွာတွင် ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျန်ဝန်းလာစေပါသည်။

က.၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့်၊ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ မြစိမ်းရောင်နှင့် ကိုရီးယားမှ ချေးငွေ များရရှိကာ ကျေးရွာတွင် စိုက်ပျိုးရေး၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်သည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် သက် ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ထားသူများ က တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စ သော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန်စီ စဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်း အကျယ်အဝန်းမှာ ကျဉ်းမြောင်းသည့်အတွက် KG ကျောင်းသားများအတွက် ကိုယ်ထူကိုယ်ထ ကျောင်းဆောင်အသစ် ဝါးကျောင်းဆောက်လုပ်ထားပါသည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး မူလ တန်းပြ ဆရာ/ဆရာမများကို အစိုးရမှ ခန့်အပ်ပေးထားပါသည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာ လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင် ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့ အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ် ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်း စနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်း ဆိုင်များကို မှီခို အားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူ များအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများ အပါ အဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက် ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ကျေးရွာတွင် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲ ချမှတ်သင့်သည်။ အထူး သဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ် ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါ ယမ အသင်းမရှိသော်လည်း မြစိမ်းရောင်နှင့် ကိုရီးယားချေးငွေ အထောက်အပံ့ ရရှိသည့်အတွက် ကျေးရွာ သည် အသင့်အတင့် တိုးတက်လာပါသည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့

ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

(ငြ) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် ကျေးလက်စျေး မရှိပါ။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထု သည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်း လဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ် တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုး ရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ် ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံ မှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန် လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံကိန်းအကြောင်းအရာ ဖော်ပြချက်	
အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းနှင့်် ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းဆောင်ရွက်ခြင်း	၁၀၀	၁	• ကျေးလက်ဦးစီးဌာနနှင့်် ပူးပေါင်း၍ ကျေးရွာတွင်းလမ်းနှင့်် ကျေးရွာချင်းဆက်လမ်းခင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။	• ကျေးလက်ဦးစီး
ပညာရေး	ကျေးရွာပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ခြင်း	၉၅	၂	• မြို့နယ်ပညာရေးသို့ ပူးပေါင်း၍ ကျောင်းသုံးပရိဘောဂ ဖြည့််ဆည်းပေးခြင်း၊ ကျောင်းစာသင်ဆောင် တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျောင်းအိမ်သာဆောက်လုပ်ခြင်းများ ဆောင်ရွက်သွားမည်။	
ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေ	ကျေးရွာတွင်း အိမ်ထောင်စု(၅၀)ခန့်် လျှပ်စစ်မီးရရှိရေး	၉၁	၃	• မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်် ကျေးရွာမီးကော်မတီဝင်များနှင့်် ပူးပေါင်း၍ ကျန်ရှိနေသော အိမ်ထောင်စု(၅၀)ခန့််ကို လျှပ်စစ်မီးရရှိရန် ဆောင်ရွက်သွားမည်။ မြစိမ်းရောင်ငွေ ပံ့ပိုးမှုနည်းပါးခြင်း။	
စိုက်ပျိုးရေး	သီးနှံတိုးတက် ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများအား လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း	၈၂	၄	• စိုက်ပျိုးရေးဦးစီးဌာနနှင့်် ပူးပေါင်း၍ သီးနှံရောဂါ ကာကွယ်နိမ်နှင်းနည်း၊ မျိုးကောင်းမျိုးသန့်် ရရှိရေးစသည့်် နည်းပညာ ဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်မည့်် အစီအစဉ်ဖြစ်သည်။ တောင်သူလယ်သမားအဖွဲ့ ဖွဲ့စည်းပြီးနွေစပါး တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းဦး စီးဌာနသို့ တင်ပြ၍	

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံကိန်းအကြောင်းအရာ ဖော်ပြချက်	
				ရေထိန်းတံခါးနှင့်၊ လယ်ရေပေးမြောင်းဖောက်လုပ် ဆောင်ရွက်မည်။	
မွေးမြူရေး	တစ်နိုင်တစ်ပိုင်နှင့်၊ စီးပွားဖြစ် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ဆောင်ရန်	၈၀	၅	• တစ်နိုင်တစ်ပိုင် သားဖေါက်ကြက်နှင့်၊ နည်းပညာ ဝန်ဆောင်မှုများ လက်လှမ်းမီးရေး ဆောင်ရွက်သွားမည်။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်း ခင်းဆောင်ရွက်ခြင်း	၁	Â	Â	Â		
၂	ကျေးရွာပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ခြင်း	၂	Â	Â	Â	Â	Â
၃	ကျေးရွာတွင်း အိမ်ထောင်စု(၅၀) ခနှင့် လျှပ်စစ်မီးရရှိရေး	၃	Â	Â	Â		
၄	သီးနှံတိုးတက် ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ ဝန်ဆောင်မှုများအား လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း	၄	Â	Â	Â	Â	Â
၅	တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ဆောင်ရန်	၅			Â	Â	Â

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့ များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေး ဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသား မဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့

၁	ကျေးရွာတွင်းလမ်းနှင့်ဝ် ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်း ခင်းဆောင်ရွက်ခြင်း					
၂	ကျေးရွာပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ခြင်း					
၃	ကျေးရွာတွင်း အိမ်ထောင်စု(၅၀) ခန့်ဝ် လျှပ်စစ်မီးရရှိရေး					
၄	သီးနှံတိုးတက် ထုတ်လုပ်နိုင်ရေး အတွက် နည်းပညာဝန်ဆောင်မှုများအား လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း					
၅	တစ်နိုင်တစ်ပိုင်နှင့်ဝ် စီးပွားဖြစ်တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း များတိုးတက်လုပ်ဆောင်ရန်					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက် ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး လမ်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ယေးထားသော အဖွဲ့ခွဲ၏တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်း လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲ အားတာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက် မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက် နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်း ပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာ မည့်အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိ မှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လ ပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာ ထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ် ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စမစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါ ဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့် အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၅	၄	၉	၂%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၁၆	၁၉	၃၅	၇.၈%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၂၀	၁၄	၃၄	၇.၆%
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၂	၁၅	၃၇	၈.၂%
၁၅ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၂	၁၅၃	၃၀၅	၆၇.၉%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၃	၁၆	၂၉	၆.၄%
စုစုပေါင်း လူဦးရေ - ၄၄၉		**၂၂၈**	**၂၂၁**	**၄၄၉**	**၉၉.၉%**
စုစုပေါင်း အိမ်ထောင်စု - ၁၀၈		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄%**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် တော်လှန်ရေးကောင်စီ အစိုးရလက်ထပ် အချိန်က အိမ်ထောင်စုတစ်စုလျှင် သားသမီး(၄)ယောက်မှ (၈)ယောက်အထိ ထွန်းကားခဲ့ပြီး စားဝတ်နေမှု အခက်အခဲ မရှိခဲ့ပါ။ ၎င်း၏နောက်ပိုင်း ယခုအချိန်အထိ မိသားစုတစ်စုလျှင် အများဆုံး(၄)ယောက်မှ (၈)ယောက်အထိသာ မွေးဖွားရန် စီမံရတော့သည်။ နိုင်ငံတော်မှ သတ်မှတ်ထားသော လူဦးရေ (၅)ဦး နှုန်းထက်လျော့နည်းသည်။ ကျေးရွာ၏ စုစုပေါင်းလူဦးရေမှာ ကျား(၂၂၈)ဦး၊ မ(၂၂၁)ဦး၊ ပေါင်း (၄၄၉)ဦး ရှိပါသည်။ အိမ်ထောင်စု(၁၀၈)စုရှိပြီး ကျေးရွာတစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေ (၄%)ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်		တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၄၁	၃၃.၃%	၅၃	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၅၂	၄၈.၁%	၅၅	-	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဆေရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄	၃.၇%	၄	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၉%	၁	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၂.၈%	၃	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄	၅.၆%	၄	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၁.၈%	၂	၂၀	
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၄	
၁၇	**ကျန်းမာရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၉	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၉	
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၀.၉%	၁	၄	
	စုစုပေါင်း	**၁၀၈**	**၉၉%**	**၁၂၃**	**၃၇**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာမြေသည် သဲဆန်သော မြေအမျိုးအစားဖြစ်သောကြောင့် လယ်သမားအချို့မှာ ရာသီအလိုက် သီးပင်များစိုက်ပျိုးခြင် (ဥပမာ-ကီလိုမာလကာ၊ ဟင်းသီးဟင်း ရွက်)ဖြင့် စိုက်ပျိုးလာသောအခါ မြောင်းဆွဲ၊ ဘောင်တင်၊ သစ်ပင်အစာကျွေး လုပ်ငန်းမှာ တစ်နေ့ လျှင် ၅၀၀၀/- ကျပ်ခန့် ရရှိပြီး မြို့ပြ၌ ဆောက်လုပ်ရေး၊ ဆိုက်ကား၊ ဆိုင်ကယ် ကယ်ရီ၊ ငှေညှစ်ထောင်၊ ပုဇွန်ကောက်လုပ်ငန်းများ လုပ်ကိုင်စားသောက်သော အရေအတွက် ကျေးရွာလူဦးရေ ၄၀% နှုန်း လောက်ရှိပါသည်။ အားလုံးမှာ ကျန်းမာရေး ကောင်းမွန်ကြပြီး စားရယုံမျှသာ ရရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၇၀၀၀	၃၀၀၀	၅၀၀၀	၂၅၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝ ရင်းမြစ်များ	နေ့စား					

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	ထုတ်လုပ်ခြင်း						
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၃၀၀၀	၆၀၀၀	၂၅၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၄၀၀၀	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက် ။ ။ ကျေးလက်နေ အလုပ်သမားများ၏ ဝင်ငွေမှာ ပုံသေတွက်ချက်၍ မရပါ ။ (ဥပမာ-လယ်ယာလုပ်ငန်းသိမ်းချိန်နှင့်် နွေဦးကာလများသာဖြစ်ပြီး ဆောက်လုပ်ရေးလုပ် ငန်းများမှာ မိုးဦးမကျခင် အချိန်ကောင်း၏ လုပ်ငန်းအမြဲမရှိဘဲ ကြုံသလိုလုပ်ကိုင်ရ၍ ဝင်ငွေပုံမှန် တွက်ချက်မရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃) သဘာဝရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၅၅၆	သင့်၀်	ရ	တဘူးလှဆည် (၅၀)ဧက
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ	၅	သင့်၀်	မရ	-
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ	၈၀	ကောင်း	မရ	-
ပလပ်မြေ				
အခြား				
စုစုပေါင်း	၆၄၁			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။
မှတ်ချက် ။ ။ ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက် ။ ။ တစ်ဧကလျှင် စပါးဘယ်လောက် နိုင်ငံတော်သို့သတ်မှတ်ဈေးဖြင့်ပ် ရောင်းချရမည်ဆိုသော တော်လှန်ရေးကောင်စီ၏ (၂၆)နှစ်တာ ကာလသည် လယ်သမားများအတွက် လယ်ယာမြေများ လက်လွတ်ဆုံးရှုံးဖို့ ဖြစ်လာပါတော့သည်။ လယ်သမား အများစုမှ စပါးမသိုလှောင် နိုင်ပါ။ စပါးပေါ်သည့်အချိန်တွင် ကုန်သည်များ၏ ဈေးနှိမ်ဝယ်သော ဈေးဖြင့်ရောင်းရ၍ နှစ်များကြ သောအခါ ကြွေးပို၍ လယ်ယာမြေများရောင်းချစားရပါတော့သည်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအ တာဖြင့် လယ်သမားများ လက်ဝယ်လယ်မြေ(၆၀%) သာရှိတော့ပါမည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ	မရှိ	လက်လှမ်းမမီ
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်ပ်	လွယ်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ၁၉၈၄ ခုနှစ်ဝန်းကျင်အထိ ညောင်ကုန်းဘေးရှိ နွားစာကျက်ဂရုကြီးတွင် ယုန်၊ တောကြောင်၊ ခွေးအချို့နှင့်ပ် ကြီးမားသောမြွေများ၊ ငှက်များရှိခဲ့သေး ၏။ ရွာဘုရားပွဲသို့ လာသော ရန်ကုန်မှ အဘိုးကြီးတစ်ဦး သစ်ရွက်တွေပြုတ်ပြီး ရေချိုး၍ ယားနာ ရောဂါပျောက်သည် တွေ့ဖူးပါ၏။ ၂၀၀၀-၂၀၁၆ ခုနှစ်အတွင်း တပ်မ ၇၀၅ မှ သစ်မြစ်ဖော်၍ လယ် လုပ်ခြင်း၊ ကျေးရွာမှ လူများထင်းအတွက် သစ်ပင်များခုံပုတ်များ ခုတ်ခြင်းကြောင့်ပ် သဘာဝအပင် မျိုးစိတ်နှင့်ပ် တောရဲတိရစ္ဆာန်များမှာ အပြုသဘော မဆောင်ဘဲ အပျက်သဘောသာ ရှိတော့၏။ ထိန်း သိမ်း ကာကွယ်သင့်ပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀-၁၅ ဧက	၆-၁၂ ဧက	-	-
အိမ်အခြေအနေ	တိုက်ခံအိမ်	သွပ်မိုး၊ ပျဉ်ထောင်	သစ်အိမ်၊ဝါးအိမ်	ဝါးအိမ်
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	လယ်ထွန်စက်၊ ဆွဲလှေ့စက်	-	-	-

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သောပိုင်ဆိုင်မှု	ဆိုင်ကယ် သုံးဘီး	-	-	-
အဓိကစီးပွားရေးလုပ်ငန်း	လယ်	လယ်	ကျပန်း	ကျပန်း
အခြားပိုင်ဆိုင်မှု	ဖုန်း၊ ဆိုင်ကယ်	ဖုန်း၊ ဆိုင်ကယ်	-	-
အိမ်ထောင်စု - ၁၀၈	**၁၁ (၁၀.၂%)**	**၅၀ (၄၆.၃%)**	**၃၆ (၃၃.၃%)**	**၁၁ (၁၀.၂%)**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများမှာ လယ်ဧက(၂၀ မှ ၁၅)ဧကအထိ ပိုင်ဆိုင်ကြပြီး၊ လယ်ယာလုပ်ငန်းသုံး ကိရိယာအဖြစ် လယ်ထွန်စက်၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော် လည်း လယ်ယာသုံး ကိရိယာမရှိဘဲ ငှားရမ်းကာ လုပ်ကိုင်ကြရပါသည်။ ဆင်းရဲသော အိမ်ထောင်စု များမှာ ကျပန်းသာလုပ်ကိုင်သောကြောင့် ပိုင်ဆိုင်မှုနည်းပါးပြီး ဝါးအိမ်များဖြင့်သာ ဆောက်လုပ်နေ ထိုင်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ တိုက်အိမ်၊ ပျဉ်ထောင်အိမ်များဖြင့် နေထိုင် ကြကာ တယ်လီဖုန်း၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များ ပိုင်ဆိုင်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၀	၇၅%	ကောက်စိုက်၊ ပျိုးနှုတ်ပေး စသည်ဖြင့်ဖြေရှင်း
၃ လနှင့် ၆ လအောက်	၆	၂၅%	ပန်းရံ၊ လက်သမားခများ စသည်ဖြင့်ဖြေရှင်း
၆ လ မှ ၁၂ လ အထိ	-	-	

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် ၃ နှင့် ၄ ကို ၃၀% စီစစ်တမ်းကောက် ယူရာတွင် အိမ်ထောင်စု(၁၆)စု ရှိပါသည်။ ၃ လအောက် မဖူလုံသူ အိမ်ထောင်စု(၁၀)စု (၇၅%)ရှိ၍ ကောက်စိုက်ပေး၊ ပျိုးနှုတ်ပေး၊ ကောက်ရိတ်ပေးဖြင့် ဖြေရှင်းနေကြရပါသည်။ ၃ လ နှင့် ၆ လ အောက် မဖူလုံသူ အိမ်ထောင်စု(၆)စုရှိ၍ (၂၅%) ပန်းရံ၊ လက်သမားခများဖြင့် စားဝတ်နေရေးကို လုံလောက်အောင် ဖြေရှင်းနေကြပါသည်။ ၆ လမှ ၁၂ လအထိ မဖူလုံသူ အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်			

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၅		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို(၆၀) နှစ်နှင့်အထက် မရှိပါ။ မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၃)စုရှိပါသည်။ ဆင်းရဲ၍မိသားစု ဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု(၅)စု ရှိပါသည်။ အလုပ်အကိုင် ရှားပါးခြင်းကြောင့် အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု မရှိ ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	အလုပ်အကိုင်ရှားပါးခြင်း၊ စပါးထွက်နည်းခြင်း
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	လတ်	ဆည်ရေ ရရှိမှုနည်းပါးခြင်း
၃	ရေကြီးခြင်း	နိမ့်	အလွန်အကျွံ မဖြစ်ပါ။
၄	မိုးခေါင်ခြင်း	နိမ့်	အလွန်အကျွံ မဖြစ်ပါ။
၅	အအေးလွန်ကဲခြင်း	နိမ့်	အလွန်အကျွံ မဖြစ်ပါ။
၆	မုန်တိုင်း	နိမ့်	အလွန်အကျွံ မဖြစ်ပါ။
၇	ငလျင်	နိမ့်	အလွန်အကျွံ မဖြစ်ပါ။
၈	မီးဘေး	နိမ့်	မီးဘေးကာကွယ်ရေးသတိပေး၍ မရှိပါ။
၉	ဆားငန်ရေဝင်မြေ	နိမ့်	မရှိပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	လတ်	ပိုးသတ်ဆေးများ သုံးစွဲခြင်း
၁၁	သစ်တောပြုန်းတီးခြင်း	နိမ့်	မရှိပါ။
၁၂	ငှက်ဖျားရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၃	တီဘီရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	မရှိပါ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နိမ့်	နွားခွါနာလျှာနာ၊ ကြက်တုပ်ကွေး
၁၇	လူကုန်ကူးခြင်း	နိမ့်	မရှိပါ။
၁၈	ဓေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	လတ်	မြေသားလမ်းဖြစ်ခြင်း
၁၉	အခြား	နိမ့်	မရှိပါ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အလုပ်အကိုင်ရှားပါးခြင်း၊ စပါး အထွက်နည်းခြင်း၊ မြေယာအနည်းငယ်သာ လုပ်ကိုင်ကြရပါသည်။ ဆည်ရေရရှိမှု နည်းပါးသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ မီးဘေးတို့မှာလည်း အလွန်အကျွံ မဖြစ်ပွားပါ။ ပိုးသတ်ဆေးများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှု ရှိပါ သည်။ လျှပ်စစ်မီးရရှိသောကြောင့် သစ်တောပြုန်းတီးခြင်း မရှိပါ။ ငှက်ဖျား၊ တီဘီ၊ ကိုယ်ခံအားကျ ဆင်းမှု ရောဂါများမှာ ကျန်းမာရေး ဗဟုသုတရှိကြ၍ ကာကွယ်နိုင်ကြပါသည်။ လူကုန်ကူးခြင်းများ မရှိပါ။ တိရစ္ဆာန်များတွင် နွားခွာနာလျှာနာ၊ ကြက်တုပ်ကွေးရောဂါများ တစ်ခါတစ်ရံ ဖြစ်ပွားမှု ရှိပါ သည်။ မြေသားလမ်းဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	အရင်ဆိုင်များ မရှိခြင်း
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	နိမ့်	အဆင်ပြေကြပါသည်။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	အလုပ်အကိုင်ရှားပါးခြင်း၊ တစ်ခါတစ်ရံ ရေကြီးခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာကျ ရောက်နိုင်သော အိမ်ထောင်စု/ကူး စက်ရောဂါ ထူပြောသော ဒေသ တွင်နေထိုင်သူ	နိမ့်	မရှိပါ။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	မရှိပါ။
၆	မတော်တဆမှု ဖြစ်နိုင်ခြေများ သောနေရာ (Prone to accident) တွင်နေထိုင်သူများ	နိမ့်	မရှိပါ။
၇	ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	နိမ့်	မရှိပါ။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	မရှိပါ။
၉	ငါးကန်ပိုင်ရှင်	နိမ့်	မရှိပါ။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အလုပ်အကိုင် ရှားပါး၍ ကျပန်းအလုပ် သမားများခြင်း
၁၁	လူနည်းစုလူမျိုးများ	နိမ့်	မရှိပါ။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင် သူများ	နိမ့်	မရှိပါ။
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၄	ရွှေတွင်းလုပ်သား	နိမ့်	မရှိပါ။
၁၅	ဆေးစွဲသူများ	နိမ့်	မရှိပါ။
၁၆	ကူးစက်ရောဂါ ရနိုင်ခြေရှိသောသူများ	နိမ့်	မရှိပါ။
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်း	နိမ့်	မရှိပါ။

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	သူများ		
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	မရှိပါ။
၁၉	ရွှေပြောင်းလုပ်သားများ	နိမ့်	မရှိပါ။
၂၀	ကားသမား	နိမ့်	မရှိပါ။
၂၁	အခြား	နိမ့်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာမှ လူငယ်များမှာ ထိခိုက်ဒဏ်ရာခံရသူ အလွန်နည်းပါးသည်။ မရှိသလောက်ပင်ဖြစ်သည်။ ၂၀၁၄-၁၅ ခုနှစ် ဆိုင်ကယ်စီးရေထက် ၂၀၁၅-၁၆ ခုနှစ်တွင် ပိုများလာ သော်လည်း ကျေးရွာမှ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူငယ်ခေါင်းဆောင်များ ၏ ဆိုဆုံးမမှု၊ မိသားစုများမှ သွန်သင်ဆုံးမမှုများကို လူငယ်များနားထောင်ခြင်းတို့ကြောင့် ထိခိုက် ဒဏ်ရာရရှိမှု မတွေ့ရသဲ့ အေးချမ်းပျော်ရွှင်စွာ နေထိုင်ကြပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲ သည့်မိသားစု ရှားပါးလာပါသည်။ သားသမီးများ၏ ကြိုးစားမှု၊ မိဘများ၏ ဆုံးမမှုများ တိုးတက် လာကြပါသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများမှာလည်း ကြိုးစားမှုကြောင့် တိုးတက်လာပါ သည်။ လက်လုပ်လက်စား ကျပန်းများမှာလည်း ဝင်ငွေနှင့် ထွက်ငွေ အချိုးညီစွာ သုံးစွဲကြ၍ ထိခိုက် သက်ရောက်မှု မရှိပါ။ ရွာသားအချင်းချင်းလည်း ညီအစ်ကို မောင်နှမအရင်းကဲ့သို့ နေထိုင်ကြသော ကြောင့် ကျေးရွာလေးမှာ အေးချမ်းသာယာကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဂေါပကအဖွဲ့	၁	၁၈	-	၁၈	ဘာသာရေး	၄	၈
၂	အုပ်ချုပ်ရေးအဖွဲ့	၁	၁၁	-	၁၁	ရပ်ရွာအကျိုး	၅	၈
၃	လယ်သမားအဖွဲ့	၁	၆၆	-	၆၆	ဆန်စပါးရရှိရေး	၅	၈
၄	လူငယ်အဖွဲ့	၁	၂၀	-	၂၀	သာ/နာရေးကိစ္စ	၄	၆
၅	ငွေစုငွေချေးအဖွဲ့	၁	၁၁	-	၁၁	ငွေချေး	၄	၆

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေး အခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဖွံ့ဖြိုးတိုးတက်နေသည့်အ အခြေအနေကို တွေ့ရှိနေရပြီး ကျေးရွာမှ ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာအာဏာပိုင်အဖွဲ့များ၊ လယ်သမားကြီးများ၊ လယ်ယာလုပ်သား များ၊ ကျန်ကျေးရွာ လူထုများသည် ရပ်မိရပ်ဖများ၏ ဩဝါဒ စကားများကို နားထောင်ပြီး ညီညီညာ ညာ လုပ်ကိုင်ကြသောကြောင့် ယခုဆိုလျှင် ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက် လမ်းများမှာ ကောင်းသင့်သလောက် ကောင်းမွန်နေသည်မှာ အလွန်ဝမ်းသာ ဝိတိဖြစ်ရပါသည်။ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ ကူညီအားပေးမှုများကို မှန်ကန်တိကျစွာဖြင့် လုပ်ဆောင်နေသောကြောင့် ကျေးရွာသည် တမူထူးခြား၍ သာယာလှပနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	မြစိမ်းရောင်အဖွဲ့	၄	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေထုတ်ချေးပေးခြင်း (နိုင်ငံတော် အစိုးရမှ ထောက်ပံ့ပေးသည်)

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက် ။ ။ နိုင်ငံတော်အစိုးရမှ အဓိကမဏ္ဍိုင်တစ်ရပ်အဖြစ် လုပ်ဆောင်နေ သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင် အထည်ဖော်ခဲ့ရာ ကျွန်ုပ်တို့ကျေးရွာသည် တစ်ရွာအပါအဝင် ဖြစ်ပါသည်။ စီမံကိန်းမှာ အတိုးနှုန်း သက်သာစွာဖြင့် ငွေထုတ်ချေးပေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် ဖြစ်ပါသည်။ ကျေးရွာသူ/သားများမှာလည်း ချေးငွေအကူအညီဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားတစ်နိုင်တစ် ပိုင်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး

အဆင်ပြေကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇၂	၆၇%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	-	-	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၄	၃.၇%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၄	၁၂.၈၄%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၁၈	၁၆.၅၀%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၀၈**	**၁၀၀%**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု(၁၀၈)စု ရှိပါသည်။ မြေယာမဲ့ တောင်သူ(၇၂)စု (၆၇%)ရှိပါသည်။ (၂.၅)ဧကမှ (၅)ဧကထိ အလယ်အလတ်တောင်သူ(၄)စု (၃.၇%) ရှိပါသည်။ (၅)ဧကမှ (၁၂.၅)ဧကကြား အလယ်စားတောင်သူ (၁၄)စု (၁၂.၈၄%)ရှိပါသည်။ (၁၂.၅) ဧကအထက် တောင်သူကြီး(၁၈)စု (၁၆.၅၀%)ရှိပါသည်။ ကျေးရွာတွင်း လူဦးရေ၏ ထက်ဝက်ခန့်မှာ မြေယာမဲ့ဆင်းရဲသားတောင်သူများ ဖြစ်ကြသည်။ မြေယာပိုင်ဆိုင်ပြီး စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ ပြဿနာနှင့် ရင်ဆိုင်နေကြရပြီး အဆင်ပြေသူ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ/ ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု(ရှိ/မရှိ)
၁	ဆည်	အစိုးရ	၅၀	ရာသီအလိုက်	မရှိ
၂	ရေလွှဲဆည်	-	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-	-
၄	အဝီစိတွင်း	ပုဂ္ဂလိက	၂၀	ရာသီအလိုက်	ရှိ
၅	လက်ငင် ရေတွင်း	-	-	-	-
၆	စိမ့်စမ်းရေ	-	-	-	-
၇	ချောင်းရေ	-	-	-	-
၈	အခြား	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဆည်ရေ၊ ပုဂ္ဂလိကဖြစ်သော အဝီစိတွင်းမှရရှိသော ရေဖြင့်သာ တစ်နှစ်ပတ်လုံး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ရေလုံလောက် စွာမရရှိကြောင်း

လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	မှ	ထိ			
မိုး စပါး	၅၅၆	တင်း	၅၀	၈၀	၆၅	ဇူလိုင်	နိုဝင် ဘာ	လတ်	လတ်	
နွေ စပါး	၅၀	တင်း	၅၀	၇၀	၆၀	ဇန်နဝါရီ	ဧပြီ	လတ်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မိုးစပါးစိုက်ဧက (၅၅၆)ဧကရှိပြီး မိုးစပါးတွင် တစ်ဧက အနည်းဆုံး (၅၀)တင်းနှင့် အများဆုံး (၈၀)တင်းထွက်ရှိပြီး ဇူလိုင်လမှ နိုဝင်ဘာလအထိ ဖြစ်ပါသည်။ နွေစပါး (၅၀)ဧကရှိပြီး တစ်ဧက အနည်းဆုံး (၅၀)တင်းနှင့် အများဆုံး (၇၀)တင်း ထွက်ရှိပြီး ဇန်နဝါရီ လမှ ဧပြီလအထိ ဖြစ်ပါသည်။ သွင်းအားစု လိုအပ်ချက်မှာ အလယ်အလတ်သာရှိပြီး အမြတ်ရရှိ မှုမှာလည်း အလယ်အလတ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ် ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ် ဦး ချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အ တွက်	လယ် သမား ဦးရေ	အရေ အတွက်	လယ် သမား ဦးရေ		
ထွန်စက်	-	-	-	-	-	-	-
လက်တွန်းထွန်စက်	၂၂	-	-	-	၁၉	-	-
အစေ့ချ ကိရိယာ	-	-	-	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-	-	-	-
ခြွေလှေ့စက်	-	-	-	၂	၂	-	-
ရေစုပ်စက်	-	-	-	၉	၉	-	-
ခြေနင်းရေတင်စက်	-	-	-	-	-	-	-
မြက်ရိတ်စက်	-	-	-	၂	၂	-	-
အခြား	-	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာပိုင်ဆိုင်မှုသည် အလယ်အလတ် ရှိသည်။ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ မြက်ရိတ်စက်များ ပိုင်ဆိုင်ကြပြီး ဆင်းရဲ သော လယ်သမားများမှာ ငှားရမ်းလုပ်ကိုင်သူ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ (စိုက်ပျိုးမြေ ရရှိနိုင် မှု၊ မြေဆီဩဇာ)	ကောင်းမွန်ပါသည်။
ရေရင်းမြစ်	ဆည်ရေ အနည်းငယ်ရရှိပါသည်။
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	နွားချေးကို အများဆုံး အသုံးပြုကြသည်။
အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး	ဓါတုပိုးသတ်ဆေး အရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိခြင်း
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိသောကြောင့် အဆင်ပြေပါသည်။
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနည်းပညာ ဗဟုသုတများ ရရှိပါသည်။
သွင်းအားစု ဈေးကွက်	ဈေးမှ အလွယ်တကူ ဝယ်ယူရရှိပါသည်။
ထုတ်လုပ်မှု ဈေးကွက်နှင့် ကုန်သွယ်မှု	ကုန်သည်များ ကျေးရွာအထိ လာရောက်ဝယ်ယူမှုကြောင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေပါသည်။
အခြား	မရှိပါ။

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမြေအသင်အတင့်ရှိခြင်း၊ မြေဆီဩဇာ ကောင်း မွန်ခြင်းနှင့် ဓါတုဆေးဝါးများ အလွယ်တကူရရှိခြင်းကြောင့် သီးနှံအထွက်တိုး ကောင်းမွန်စေရန် အတွက် အခွင့်အလမ်းရရှိပါသည်။ ရေရရှိမှုမှာ ဆည်ရေဖြင့်သာ စိုက်ပျိုးကြရပြီး သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ၊ အော်ဂဲနစ်၊ ဓါတုပိုးသတ်ဆေးများ အလွယ်တကူ ဆေးဆိုင်များမှ ဝယ်ယူရရှိ သဖြင့် သီးနှံအထွက်တိုး ကောင်းမွန်စေပါသည်။ လယ်ယာမြေလုပ်ကိုင်ကြသော လယ်သမားများ အတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေများ ချေးငှားပေးသောကြောင့် လယ်ယာစိုက်ပျိုးရေးတွင် အဆင်ပြေချောမွေ့သဖြင့် သီးနှံအထွက်တိုး ပိုမိုကောင်းမွန်စေရန် အခွင့်အလမ်းဖြစ်ပါသည်။ စိုက်ပျိုး ရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာများ၊ ဗဟုသုတများရရှိ၍လည်း အဆင်ပြေကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့ရန် မြေမရှိပါ။
မြေဆီဩဇာ အခြေအနေ	ဓါတုဆေးဝါးများသုံးစွဲခြင်း၊ မြေဆီဩဇာ ပျက်စီးပါသည်။

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	ပုံစံ(၇)မရှိလျှင် ငွေချေးယူ၍ မရရှိပါ။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီရရှိ အသုံးချနိုင်မှု	ဓါတ်မြေဩဇာ၊ မျိုးစေ့များ၊ အလွယ်တကူ မရရှိခြင်း၊ ငွေကြေး မပြည့်စုံ ခြင်း၊ လုံလောက်စွာ မရောင်းချနိုင်ခြင်း
လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ)	လုပ်သားရှားပါးခြင်း၊ လုပ်ငန်းမကျွမ်းကျင်သူများ ရှိခြင်းကြောင့် ကြဲပက်စနစ်ကိုသာ သုံးစွဲရခြင်း
ရေရင်းမြစ်များ ရရှိနိုင်မှု	ရေသောက်ဧကအား‌လုံး လုံလောက်မှု မရှိပါ။
စိုက်ပျိုးရေ မလုံလောက်မှု	လုံလောက်မှု မရှိပါ။
ဖျက်ပိုးနှင့် ရောဂါ	စပါး၊ ပဲများတွင် ဖျက်ပိုးများရှိပါသည်။
ဈေးကွက် လက်လှမ်းမီမှု	ဈေးကွက်နှိမ်၍ ဝယ်ယူခြင်း၊ ကျေးရွာအထိ လာရောက်ဝယ်ယူရသည့် အတွက် ဈေးနှိမ်၍ ဝယ်ယူခြင်း၊ ပေါင်ကြီး၍ ဝယ်ယူခြင်း။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	လက်လှမ်းမီမှု အားနည်းပါသည်။
အခြား	မရှိပါ။

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့ရန် မြေနေရာမရှိပါ။ ဓါတုပိုးသတ်ဆေးများသုံးစွဲ၍ မြေဆီလွှာခန်းခြောက်သည့်အပြင် ရေကြီးနစ်မြုပ်ခြင်းများကြောင့် သီးနှံထုတ်လုပ် မှုတွင် ပြဿနာဖြစ်ပေါ်ရပါသည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ပုံစံ(၇)မရှိပါက ငွေချေးယူခွင့် မပြုခြင်း၊ ဓါတ်မြေဩဇာ မျိုးစေ့များ အလွယ်တကူ ရှာဖွေမရရှိခြင်းကြောင့်လည်း သီးနှံကုန်ထုတ် လုပ်ငန်းအတွက် ပြဿနာအခက်အခဲ ရှိပါသည်။ လုပ်သားရှားပါး၍ ကျွမ်းကျင်သူ၊ မကျွမ်းကျင်သူ များကြောင့် ကြဲပက်စနစ်သုံးခြင်းသည်လည်း စနစ်တကျ စိုက်ပျိုးနှုန်း၊ ထွက်နှုန်းနည်းခြင်း၊ စပါး၊ ပဲများတွင် ဖျက်ပိုးများ ကျရောက်ခြင်း၊ ဈေးကွက်နှိမ်၍ ဝယ်ယူခြင်း၊ ပေါင်ချိန်ကြီး၍ ဝယ်ယူခြင်း၊ နည်းပညာအကူအညီနှင့် နည်းလမ်းများ လက်လှမ်းမီမှု အားနည်းပါသည်။ စိုက်ပျိုးရေ လုံလောက်မှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၂၉	၁၁၃	လယ်ယာလုပ်ငန်းတွင်သုံးရန်
နို့စားနွား	၇	၁၄	တစ်နိုင်တစ်ပိုင် စီးပွားဖြစ်
မြင်း	-	-	-
ကျွဲ	၇	၃၁	လယ်ယာလုပ်ငန်းတွင်သုံးရန်
မြည်း	-	-	-
လား	-	-	-
ဆိတ်	-	-	-
သိုး	-	-	-
ဝက်	၁၄	၃၆	တစ်နိုင်တစ်ပိုင် စီးပွားဖြစ်
ကြက်	၇၂	၉၇၇	တစ်နိုင်တစ်ပိုင် စီးပွားဖြစ်

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
ဘဲ	၆	၂၆	တစ်နိုင်တစ်ပိုင် စီးပွားဖြစ်
နွားနောက်	-	-	-
အခြား	-	-	-
ငါးလုပ်ငန်း			
ငါးကန်	-	-	-
ပုဇွန်ကန်	-	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-	-
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ခိုင်းနွားမွေးမြူသည့် အိမ်ထောင်စု(၂၉)စုရှိပြီး (၁၁၃)ကောင်ရှိ၍ လယ်ယာလုပ်ငန်းအသုံးပြုရန် မွေးမြူပါသည်။ နို့စားနွား မွေးမြူသည့် အိမ်ထောင်စု(၇)စုရှိပြီး (၁၄)ကောင် ရှိပါသည်။ ဝင်ငွေရရှိရန်အတွက် မွေးမြူပါသည်။ ဝက်မွေးမြူသည့် အိမ်ထောင်စု(၁၄)စုရှိပြီး အကောင်ရေ(၃၆)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၇၂)စုရှိပြီး အကောင်ရေ(၉၇၇)ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု(၆)စုရှိပြီး အကောင်ရေ(၂၆)ကောင်၊ တစ်နိုင်တစ်ပိုင် စီးပွားဖြစ် မွေးမြူကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ဧက(၁၀၀)ခန့်ရှိသော်လည်း (၇၀၅)တပ်ရင်းမှ ဧက(၃၀)ခန့် သိမ်းဆည်း၍ လယ်လုပ်ခြင်း။
ရေရရှိမှု	ရေရရှိမှု နည်းပါးခြင်း၊ ကုန်းတွင်းပိုင်း ဒေသတည်ရှိ၍ဖြစ်ခြင်း
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	လက်လှမ်းမီမှုမရှိ။ ခြံပေါက်မျိုးသာ မွေးမြူကြပါသည်။
ချေးငွေ	ကိုယ်ပိုင်ငွေများဖြင့် မွေးမြူပါသည်။
သွင်းအားစုဈေးကွက်	ဆေးဝါးများကို ဈေးမှ ဝယ်ယူရရှိပါသည်။
ဝန်ဆောင်မှုဈေးကွက်	မိမိ၏ကိုယ်ပိုင်ဗဟုသုတဖြင့်သာ မွေးမြူပါသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ကုန်သည်များ ကျေးရွာအရောက် လာရောက်ဝယ်ယူကြပါသည်။
အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှု	တစ်နိုင်တစ်ပိုင် မွေးမြူရန်အတွက်သာ လုံလောက်ပါသည်။
အခြား	မရှိပါ။
ငါးလုပ်ငန်း	
ငါး/ပုဇွန် သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	-
သွင်းအားစု လက်လှမ်းမီမှု	-
နည်းပညာ အကူအညီနှင့်	-

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
နည်းလမ်းများ	
ထုတ်ကုန်ရောင်းဝယ်မှု	-
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စားကျက်မြေ(၁၀၀)ရှိသော်လည်း (၇၀၅)တပ်ရင်းမှ ဆိမ်းဆည်းထားသောကြောင့် လယ်ဧက(၃၀)ခန့်ကိုသာ လုပ်ကိုင်ရန် မြေနေရာရှိပါသည်။ ရေရရှိမှု နည်းပါးပြီး ကျေးရွာမှ ကုန်းတွင်းပိုင်းတွင် တည်ရှိပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် မြေနေရာ ရှိပါသည်။ ခြံပေါက်မျိုးများကိုသာ မွေးမြူကြပါသည်။ ဆေးဝါးများကို ဈေးမှအလွယ်တကူ ဝယ်ယူရခြင်းသည်လည်း အဆင်ပြေပါသည်။ မွေးမြူရာတွင်လည်း ကိုယ်ပိုင် ဗဟုသုတဖြင့်သာ မွေးမြူကြပြီး ရောင်းဝယ်ရာတွင်လည်း ကုန်သည်များ ကျေးရွာအထိလာ ရောက် ဝယ်ယူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	အသင့်အတင့်ရှိပါသည်။ (မြစိမ်းရောင်မှ)
ကူးစက်ရောဂါဖြစ်ပွားမှု	ဝက်နားရွက်ပြာ၊ ဝက်တုပ်ကွေး၊ ကြက်တုပ်ကွေး၊ ကြက်လည်လိမ်၊ နွားခွာနာလျာနာများဖြစ်ခြင်း
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မွေး/ကုဦးစီးဌာနမှ ကွင်းဆင်းသင်ကြားမှုအားနည်းခြင်း
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	စီးပွားရေးလုပ်ကိုင်သူမရှိသဖြင့် လိုင်စင်၊ လေလံလက်လှမ်း မီမှု မရှိပါ။
အခြား	မရှိပါ။
ငါးလုပ်ငန်း	
ငါးဖမ်းခွင့်ရရှိနိုင်မှု	-
ချေးငွေရရှိနိုင်မှု	-
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် မြစိမ်းရောင်မှ ချေးငွေ အသင့်အတင့် ရရှိပါသည်။ ကူးစက်ရောဂါများတွင် ဝက်နားရွက်ပြာ၊ ဝက်တုပ်ကွေး၊ ကြက်တုပ် ကွေး၊ ကြက်လည်လိမ်၊ နွားခါနာလျှာနာများ ရောဂါများဖြစ်ပွားခြင်းကြောင့် မွေးကုဦးစီးဌာနမှ ကွင်းဆင်းသင်ကြားမှု နည်းပညာသင်ကြားမှုများ အသိပညာပေးရန် လိုအပ်ပါသည်။ စီးပွားဖြစ် လုပ်ကိုင်သူမရှိသဖြင့် လိုင်စင်၊ လေလံလက်လှမ်းမီမှု မရှိကြပါ။ ငွေချေးယူမှုခက်ခဲခြင်း၊ မွေးမြူ ရေးဌာနမှ ကွင်းဆင်းသင်ကြားမှု အားနည်းခြင်း၊ လေလံ၊ လိုင်စင် လက်လှမ်းမီမှုမရှိခြင်း၊ ငါးဖမ်း လုပ်ငန်း မရှိပါ။ ငါးဖမ်းလုပ်ငန်း ချေးငွေလက်လှမ်းမီမှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၃) စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သ မားအရေ အတွက်	မိသားစု ဝင်လုပ် အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	-	၄	-	-
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံ ပင်၊ အလှပြင်၊ အပ်ချုပ်၊ အင် ဂျင်နီယာ၊ သင်တန်းပေးသူ)	၁	၁	-	-
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၃	-	၃	-
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	-	၄	-	-
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် ဘေးကင်းလုံခြုံရေး)	-	၂၀	-	-
၁၃	ပညာရေး	၁	၁	၁	-
၁၄	ကျန်းမာရေး				
၁၅	လူမှုရေးလုပ်ငန်းများ				

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သ မားအရေ အတွက်	မိသားစု ဝင်လုပ် အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၆	အိမ်များတွင် အင်္ဂါးလိုက်လုပ် သူများနှင့် အမျိုးအမည်မဖော် ပြနိုင်သော လုပ်ငန်းများ	-	၉	-	-
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ(ဥပမာ - UN, INGOs, Companies. etc.,)	-	၅	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	**၉**	**၆**	**၇**	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်း ကျောင်းလုပ်ငန်းတွင် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း လုပ်ကိုင်သူ၊ ကျွမ်းကျင်ပညာ ရှင်များ၊ လက်လီ-လက်ကား ရောင်းဝယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေး၊ အိမ်များတွင် အင်္ဂါးလိုက်လုပ်ကိုင်သူများနှင့် ပြင်ပအဖွဲ့အစည်းများနှင့်ဝ်ဝ် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ မိသားစုရပ်တည်နိုင်မှုမှာ အလယ်အလတ် အဆင့်တွင်သာရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

